## ၄ - ပါစိတ်အခန်း

### ၈ - ကုမာရီဘူတဝဂ်

၁ - ပဌမသိက္ခာပုဒ်

ပဌမသိက္ခာပုဒ် အဖွင့်

၂ - ဒုတိယသိက္ခာပုဒ်

ဒုတိယသိက္ခာပုဒ် အဖွင့်

၃ - တတိယသိက္ခာပုဒ်

တတိယသိက္ခာပုဒ် အဖွင့်

၄ - စတုတ္ထသိက္ခာပုဒ်

စတုတ္ထသိက္ခာပုဒ် အဖွင့်

၅ - ပဉ္စမသိက္ခာပုဒ်

ပဉ္စမသိက္ခာပုဒ် အဖွင့်

၆ - ဆဋ္ဌသိက္ခာပုဒ်

ဆဋ္ဌသိက္ခာပုဒ် အဖွင့်

၇ - သတ္တမသိက္ခာပုဒ်

သတ္တမသိက္ခာပုဒ် အဖွင့်

၈ - အဋ္ဌမသိက္ခာပုဒ်

အဋ္ဌမသိက္ခာပုဒ် အဖွင့်

၉ - နဝမသိက္ခာပုဒ်

နဝမသိက္ခာပုဒ် အဖွင့်

၁၀ - ဒသမသိက္ခာပုဒ်

ဒသမသိက္ခာပုဒ် အဖွင့်

၁၁ - ဧကာဒသမသိက္ခာပုဒ်

ဧကာဒသမသိက္ခာပုဒ် အဖွင့်

၁၂ - ဒွါဒသမသိက္ခာပုဒ်

ဒွါဒသမသိက္ခာပုဒ် အဖွင့်

၁၃ - တေရသမသိက္ခာပုဒ်

တေရသမသိက္ခာပုဒ် အဖွင့်

## ၄ - ပါစိတ်အခန်း

### ၉ - ဆတ္တုပါဟနဝဂ်


၁ - ပဌမသိက္ခာပုဒ်

ပဌမသိက္ခာပုဒ် အဖွင့်

၂ - ဒုတိယသိက္ခာပုဒ်

ဒုတိယသိက္ခာပုဒ် အဖွင့်

၃ - တတိယသိက္ခာပုဒ်

တတိယသိက္ခာပုဒ် အဖွင့်

၄ - စတုတ္ထသိက္ခာပုဒ်

စတုတ္ထသိက္ခာပုဒ် အဖွင့်

၅ - ပဉ္စမသိက္ခာပုဒ်

ပဉ္စမသိက္ခာပုဒ် အဖွင့်

၆ - ဆဋ္ဌသိက္ခာပုဒ်

ဆဋ္ဌသိက္ခာပုဒ် အဖွင့်

၇ - သတ္တမသိက္ခာပုဒ်

သတ္တမသိက္ခာပုဒ် အဖွင့်

၈-၉-၁၀ - အဋ္ဌမ နဝမ ဒသမသိက္ခာပုဒ်

အဋ္ဌမ နဝမ ဒသမသိက္ခာပုဒ် အဖွင့်

၁၁ - ဧကာဒသမသိက္ခာပုဒ်

ဧကာဒသမသိက္ခာပုဒ် အဖွင့်

၁၂ - ဒွါဒသမသိက္ခာပုဒ်

ဒွါဒသမသိက္ခာပုဒ် အဖွင့်

၁၃ - တေရသမသိက္ခာပုဒ်

တေရသမသိက္ခာပုဒ် အဖွင့်

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၂၇။ ၂-၇၃၉။ “အကြင်ဘိက္ခုနီမသည် အခါမဲ့သက်န်းကို ‘အခါတွင်းသက်န်း’ဟု ဆောက်တည်ကာ ဝေဖန်စေပြားအံ့၊ (ထိုဘိက္ခုနီမအား) နိဿဂ္ဂိပါစိတ်အာပတ် သင့်၏” ဤသို့ (ပြကြစေ ကုန်လော့ဟု မိန့်တော်မူ၏)။

## ၂ - ဒုတိယသိက္ခာပုဒ် အဖွင့်

၇၄၀။ အကြင် ဟူသည် အကြင်သို့ သဘော ရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဥ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို “ဘိက္ခုနီမ” ဟူ၍ အလိုရှိ အပ်၏။

အခါမဲ့သက်န်း မည်သည် ကထိန်မခင်းသည် ရှိသော် တစ်ဆယ့်တစ်လအတွင်း၌ ဖြစ်ပေါ်သော သက်န်းတည်း၊ ကထိန်ခင်းသည် ရှိသော် ခုနစ်လအတွင်း၌ ဖြစ်ပေါ်သော သက်န်းတည်း၊ အခါတွင်း၌ သော်လည်း ရည်စူး၍ လှူသော သက်န်းတည်း၊ ဤသို့သော သက်န်းသည် အခါမဲ့သက်န်း မည်၏။

အခါမဲ့သက်န်းကို အခါတွင်းသက်န်း ဟု ဆောက်တည်၍ ဝေဖန်စေအံ့၊ လုံ့လပယောဂတိုင်း ဒုက္ကဋ် အာပတ် သင့်၏။ ရခြင်းကြောင့် စွန့်ခြင်းဝိနည်းကံ ရှိ၏။ သံဃာအားသော်လည်းကောင်း၊ ဂိုဏ်းအား သော်လည်းကောင်း၊ ဘိက္ခုနီမတစ်ယောက်အား သော်လည်းကောင်း စွန့်ရမည်၊ ရဟန်းတို့ ဤသို့ စွန့်ရမည်။ပ။

“အသျှင်မတို့ ဤအခါမဲ့သက်န်းကို ‘အခါတွင်းသက်န်း’ဟု ဆောက်တည်ကာ အကျွန်ုပ်ဝေဖန် စေအပ်သောကြောင့် စွန့်ခြင်းဝိနည်းကံ ရှိပါ၏။ အကျွန်ုပ်သည် ဤသက်န်းကို သံဃာအား စွန့်ပါ၏” ဟု။ပ။ ပေးရာ၏ဟု။ပ။ ပေးကုန်ရာ၏ဟု။ပ။ အသျှင်မအား ပေးပါ၏ဟု (ပြန်ပေးရမည်)။

၇၄၁။ အခါမဲ့သက်န်းကို အခါမဲ့သက်န်းဟု အမှတ်ရှိသည်ဖြစ်၍ “အခါတွင်းသက်န်း” ဟု ဆောက် တည်ကာ ဝေဖန်စေအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။ အခါမဲ့သက်န်းကို ယုံမှားရှိသည်ဖြစ်၍ “အခါတွင်းသက်န်း” ဟု ဆောက်တည်ကာ ဝေဖန်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အခါမဲ့သက်န်းကို အခါတွင်းသက်န်းဟု အမှတ်ရှိသည် ဖြစ်၍ “အခါတွင်းသက်န်း” ဟု ဆောက်တည်ကာ ဝေဖန်စေအံ့၊ အာပတ် မသင့်။

အခါတွင်းသက်န်းကို အခါမဲ့သက်န်းဟု အမှတ်ရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အခါတွင်းသက်န်း၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ အခါတွင်းသက်န်းကို အခါတွင်းသက်န်းဟု အမှတ်ရှိအံ့၊ အာပတ် မသင့်။

၇၄၂။ အခါမဲ့သက်န်းကို အခါတွင်းသက်န်းဟု အမှတ်ရှိသည်ဖြစ်၍ ဝေဖန်စေအံ့၊ အခါတွင်းသက်န်း ကို အခါတွင်းသက်န်းဟု အမှတ်ရှိသည်ဖြစ်၍ ဝေဖန်စေအံ့၊ အာပတ် မသင့်။ ရူးသော ဘိက္ခုနီမ၊ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

**ဒုတိယသိက္ခာပုဒ် ပြီး၏။**

------

ရဟန်းတို့ ဤသို့လျှင် ဘိက္ခုနီမတို့ကို ဤသိက္ခာပုဒ်တော်ကို ပြကြစေကုန်လော့။

၆၃။ ၈-၈၂၅။ “အကြင် ဘိက္ခုနီမသည် ကျင်ကြီးကိုသော်လည်းကောင်း၊ ကျင်ငယ်ကိုသော် လည်းကောင်း၊ အမှိုက်ကိုသော် လည်းကောင်း၊ စားကြွင်းကိုသော် လည်းကောင်း၊ နံရံတစ်ဖက်၌ သော်လည်းကောင်း၊ တံတိုင်းတစ်ဖက်၌ သော်လည်းကောင်း စွန့်မူလည်း စွန့်ငြားအံ့၊ စွန့်စေမူလည်း စွန့်စေငြားအံ့၊ (ထိုဘိက္ခုနီမအား) ပါစိတ်အာပတ် သင့်၏” ဤသို့ (ပြကြစေကုန်လော့ဟု မိန့်တော်မူ၏)။

## ၈ - အဋ္ဌမသိက္ခာပုဒ် အဖွင့်

၈၂၆။ အကြင် ဟူသည် အကြင်သို့ သဘော ရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဥ တ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ ရောက်သော မိန်းမကို “ဘိက္ခုနီမ” ဟူ၍ အလိုရှိအပ်၏။

ကျင်ကြီး မည်သည် မစင်ကို ဆို၏။

ကျင်ငယ် မည်သည် ဆီးကို ဆို၏။

အမှိုက် မည်သည် တံမြက်ချေးစုကို ဆို၏။

စားကြွင်း မည်သည် စားဖတ်တို့သည် လည်းကောင်း၊ အရိုးတို့သည် လည်းကောင်း၊ လုတ်ဆေးရေသည် လည်းကောင်းတည်း။

နံရံ မည်သည် အုတ်နံရံ၊ ကျောက်နံရံ၊ သစ်သားနံရံ ဟူ၍ နံရံသုံးပါးတို့တည်း။

တန်တိုင်း မည်သည် အုတ်တံတိုင်း၊ ကျောက်တံတိုင်း၊ သစ်သားတံတိုင်း ဟူ၍ တံတိုင်းသုံးပါးတို့တည်း။

နံရံတစ်ဖက်၌ ဟူသည် နံရံ၏ ထိုမှာဖက် ‘ပြင်ဖက်’ တည်း။

တံတိုင်းတစ်ဖက်၌ ဟူသည် တံတိုင်း၏ ထိုမှာဖက် ‘ပြင်ဖက်’ တည်း။

စွန့်ငြားအံ့ ဟူသည် ကိုယ်တိုင်စွန့်အံ့၊ ပါစိတ်အာပတ် သင့်၏။

စွန့်စေငြားအံ့ ဟူသည် သူတစ်ပါးကို စေခိုင်းအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။ တစ်ကြိမ်တစ်ခါသာ စေခိုင်းပါလျက် အကြိမ်များစွာ စွန့်အံ့၊ ပါစိတ်အာပတ် သင့်၏။

၈၂၇။ ကြည့်ရှု၍ စွန့်အံ့၊ မသုံးဆောင်သော အရပ်၌ စွန့်အံ့၊ အာပတ် မသင့်။ ရူးသော ဘိက္ခုနီမ၊ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

**အဋ္ဌမသိက္ခာပုဒ် ပြီး၏။**

------

## ၂ - ဒုတိယသိက္ခာပုဒ် အဖွင့်

၈၈၉။ ရေသနုပ် မည်သည် ဝတ်လျက် ရေချိုးရသော အဝတ်တည်း။

ပြုလိုသော ဘိက္ခုနီမ ဟူသည် ပြုလုပ်သော ဘိက္ခုနီမသည် လည်းကောင်း၊ ပြုလုပ်စေသော ဘိက္ခုနီမသည် လည်းကောင်း ပမာဏနှင့်ယှဉ်သော ရေသနုပ်ကို ပြုလုပ်ရမည်၊ ဤဆိုလတ္တံ့ သည်ကား ထိုရေသနုပ်၌ ပမာဏတည်း၊ မြတ်စွာဘုရား အထွာတော်ဖြင့် အလျားလေးထွာ၊ အနံနှစ်ထွာတို့တည်း။ ထိုပမာဏထက်လွန်၍ ပြုလုပ်မူလည်း ပြုလုပ်အံ့ ပြုလုပ်စေမူလည်း ပြုလုပ်စေအံ့၊ လုံ့လပယောဂကြောင့် ဒုက္កဋ်အာပတ် သင့်၏။ ရခြင်းကြောင့် ဖြတ်၍ ပါစိတ်အာပတ်ကို ဒေသနာကြားရမည်။

၈၉၀။ မိမိပြု၍ မပြီးသေးသည်ကို မိမိသည်ပင် ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏။ မိမိပြု၍ မပြီးသေးသည်ကို သူတစ်ပါးတို့ကို ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏၊

သူတစ်ပါးတို့ ပြု၍ မပြီးသေးသည်ကို မိမိသည်ပင် ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏၊ သူတစ်ပါးတို့ ပြု၍ မပြီးသေးသည်ကို သူတစ်ပါးတို့ကိုပင်လျှင် ပြီးဆုံးစေအံ့၊ ပါစိတ်အာပတ် သင့်၏၊ ။

သူတစ်ပါး အကျိုးငှါ ပြုလုပ်မူလည်း ပြုလုပ်အံ့၊ ပြုလုပ်စေမူလည်း ပြုလုပ်စေအံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

သူတစ်ပါး ပြုလုပ်ထားသည်ကို ရ၍ သုံးဆောင်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

၈၉၁။ ပမာဏနှင့်ယှဉ်သော ရေသနုပ်ကို ပြုအံ့၊ ပမာဏအောက် ယုတ်လျော့သော ရေသနုပ်ကို ပြုအံ့ သူတစ်ပါး ပြုလုပ်ထားသည့် ပမာဏထက်လွန်သော ရေသနုပ်ကို ရသဖြင့် ဖြတ်၍ သုံးဆောင်အံ့၊ အာပတ် မသင့်။

ဗိတာန် 'မျက်နှာကြက်' မြေအခင်း တင်းတိမ် ကန့်လန့်ကာ ဘုံလျှို 'ဖုံ' ခေါင်းအုံးတို့ကို ပြုအံ့၊ အာပတ် မသင့်။ ရူးသော ဘိက္ခုနီမ၊ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

**ဒုတိယသိက္ခာပုဒ် ပြီး၏။**

------

## ၁၁ - ကောဒသမသိက္ခာပုဒ် အဖွင့်

၁၁၆၈။ အကြင် ဟူသည် အကြင်သို့ သဘော ရှိသော။ပ။

ဘိက္ခုနီမ ဟူသည်။ပ။ ဤအရာ၌ ဤဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်သို့ရောက်သော မိန်းမကို "ဘိက္ခုနီမ" ဟူ၍ အလိုရှိအပ်၏။

သိုးလေပြီးသော ဆန္ဒပေးခြင်းဖြင့် ဟူသည် ပရိသတ်ထသွားသည် ရှိသော်။

သိက္ခမာန် ဟူသည် နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါး ကျင့်ထားပြီးသော မိန်းမတည်း။ ရဟန်းပြုပေးငြားအံ့၊ ဟူသည် ပဉ္စင်းခံပေးငြားအံ့။

"ရဟန်းပြုပေးအံ့" ဟု ဂိုဏ်းကိုသော်လည်းကောင်း၊ (ကမ္ဗဝါစာ) ဆရာမကိုသော်လည်းကောင်း၊ သပိတ်ကို သော်လည်းကောင်း၊ သင်္ကန်းကို သော်လည်းကောင်း ရှာဖွေအံ့၊ သိမ်ကိုသော်လည်း သမုတ်အံ့၊ ဒုက္ကဋ်အာပတ် သင့်၏။

ဥတ်၏ အဆုံး၌ ဒုက္ကဋ်အာပတ် သင့်၏။ ကမ္ဗဝါစာ နှစ်ကြိမ်တို့၏ အဆုံး၌ ဒုက္ကဋ်အာပတ် သင့်ကုန်၏။ ကမ္ဗဝါစာ၏ အဆုံး၌ ဥပဇ္ဈာယ်မအား ပါစိတ်အာပတ် သင့်၏။ ဂိုဏ်းနှင့် (ကမ္ဗဝါစာ) ဆရာမ တို့အားမူကား ဒုက္ကဋ်အာပတ် သင့်ကုန်၏။

၁၁၆၉။ ပရိသတ် ထမသွားမီ ရဟန်းပြုပေးအံ့၊ အာပတ် မသင့်။ ရူးသော ဘိက္ခုနီမ၊ အစလက်ဦး လွန်ကျူးသော ဘိက္ခုနီမတို့အားလည်း အာပတ် မသင့်။

**ကောဒသမသိက္ခာပုဒ် ပြီး၏။**

------

